# စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်

အချက်အလက်စာရွက်

ထိခိုက်မှု အန္တရာယ်ရှိသည့် ကလေးတစ်ယောက်နှင့်ပတ်သက်၍ တိုင်တန်းမှု တစ်ခုကို Department of Health and Human Services (ဌာန) သို့တိုင်တန်းသည့်အခါ *ကလေးများ လူငယ်နှင့် မိသားစုများဆိုင်ရာ အက်ဥပဒေ 2005 ခုနှစ် (Children Youth and Families Act 2005)* အရ ဌာနမှ ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး ဝန်ထမ်း တစ်ဦးသည် ကလေးမှာ အကာအကွယ်ပေးရန် လိုအပ်မှု ရှိမရှိ စုံစမ်းစစ်ဆေးပြီး စိစစ်အကဲဖြတ်ရန် လုပ်ရပါသည်။

အကယ်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းအနေဖြင့် တိုင်တန်းမှုကို မစုံစမ်းနိုင်ခဲ့သည့်အပြင် ကလေးမှာ အကာအကွယ်ပေးရန် လိုအပ်မှု ရှိမရှိ စိစစ်အကဲ မဖြတ်နိုင်လျှင် လျှောက်လွှာတစ်စောင်ကို Children’s Court သို့ စုံစမ်းစစ်ဆေးမှု လုပ်နိုင်ရန်အတွက် စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် တစ်ရပ် ချမှတ်ပေးရန် တင်သွင်းကောင်း တင်သွင်းနိုင်ပါသည်။

## စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် ဆိုသည်မှာ အဘယ်နည်း။

ကလေးတစ်ယောက်မှာ အကာအကွယ်ပေးရန်လိုအပ်နေကြောင်း သို့မဟုတ် အကာအကွယ်ကိုလိုအပ်နိုင်ဖွယ်ရှိကြောင်း သင့်တင့်လျောက်ပတ်သော သံသရ ရှိသည့် အခါ၊ ၎င်းအပြင် ၎င်းအဆိုပါကိစ္စကို ထပ်ဆင့် စုံစမ်းစစ်ဆေးမှု လိုအပ်သော်လည်း ကလေး၏ မိဘများက တိုက်ရိုက်သော်၎င်း သို့မဟုတ် တွယ်ဝိုက်၍သော်၎င်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ တိုင်တန်းချက်အပေါ် စုံစမ်းစစ်ဆေးမှုကို အဟန့်အတားလုပ်သဖြင့် သို့မဟုတ် ရှောင်ဖယ်နေသဖြင့် စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် တစ်ရပ် မရှိပဲ ထိုက်သင့်သလို မစုံစမ်းနိုင်သည့်အခါ Children’s Court သည် စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် တစ်ရပ်ကို ချမှတ်ပေးနိုင်ပါသည်။ အဆိုပါအမိန့်သည် မိဘများအား စုံစမ်းစစ်ဆေးမှုနှင့် အမိန့်တွင်ပါရှိသည့် မည်သည့်စည်းကမ်းချက်များကိုမဆို လိုက်နာရန် ညွှန်ကြားထားပါသည်။

## ယခု ဘာဖြစ်မည်နည်း။

သင့်အား စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် အတွက် လျှောက်လွှာ မိတ္တူတစ်စောင်ကို ပေးအပ်ပြီးဖြစ်ပါသည်။ ၎င်းတွင် Children’s Court မည်သည့်နေရာတွင် တည်ရှိကြောင်းနှင့် မည်သို့သွားရောက်ရကြောင်း ဖော်ပြထားပါသည်။

သင်သည် Children’s Court သို့ တရားရုံးကြားနာမည့်နေ့ရက်တွင် လက်တွေ့ကျကျ အမြန်ဆုံး ရောက်ရှိရန် ကြိုးစားရလိမ့်မည် ထို့ကြောင့် သင့်တွင် ဥပဒေ အကျိုးဆောင်ကိုယ်စားလှယ်နှင့်ပြောဆိုရန် အချိန်အလုံအလောက် ရရှိမည်။ ဘာဖြစ်နေသည်ကို သင် နားလည်ရန်အတွက် ကူညီရန် စကားပြန် တစ်ဦးကို အကယ်၍ လိုအပ်လျှင် စီစဉ်ပေးပါမည်။

## တရားရုံးတွင် ဘာဖြစ်မည်နည်း။

Children’s Court သည် သင့် မိသားစု အခြေအနေနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းက အဘယ်ကြောင့် စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်တစ်ရပ်ကို လျှောက်ထားခဲ့ကြောင်း သိရှိလိုမည်ဖြစ်သည်။ Children’s Court သည် တိုင်တန်းသည့်ကိစ္စများကို စုံစမ်းရန် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးဌာနက မည်သည့် အရေးယူမှုများကို ရည်ရွယ်ကြောင်းကိုလည်း ကြားသိလိုမည်ဖြစ်သည်။

Children’s Court သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့် မိသားစု တို့ထံမှ ကြားနာပြီးနောက် စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်တစ်ရပ်ကို ချမှတ်ပေးမည် မပေးမည်ကို ဆုံးဖြတ်ချက် ချမှတ်ပါလိမ့်မည်  – အကယ်၍ သင့်တွင် ဥပဒေအကျိုးဆောင်ကိုယ်စားလှယ် ရှိလျှင် ၎င်းသူတို့သည် သင့်အတွက် ပြောဆိုပေးနိုင်ပါလိမ့် မည်။ အသက် ဆယ်နှစ်နှင့်အထက် ကလေးများကို ဥပဒေအကျိုးဆောင်ကိုယ်စားလှယ် တစ်ဦး ချပေးပါသည်။

အကယ်၍ စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် တစ်ရပ်ကို ချမှတ်ပေးလျှင် တရားသူကြီးသည် ၎င်းတို့ အဘယ်ကြောင့် အမိန့်ချမှတ်ခဲ့ကြောင်း ရှင်းပြပါလိမ့်မည်။ တရားသူကြီးသည် အမိန့်၏ အစိတ်အပိုင်းအဖြစ် စည်းကမ်းချက်တစ်ခုခုကို သူတို့ချမှတ်ခဲ့ကြောင်း နှင့် မိသားစုက ဘာလုပ်ရမည်ဖြစ်ကြောင်း တို့ကိုလည်း ရှင်းပြပါမည်။

## သင့် အခွင့်အရေးများ

အကယ်၍  Children’s Court က စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်တစ်ရပ်ကို ချမှတ်လျှင် သင်သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းက မေးမြန်းသည့် မည်သည့် မေးခွန်းကိုမဆို အကယ်၍ အောက်ပါတို့ဖြစ်လျှင် ဖြေဆိုရန် ငြင်းပယ်နိုင်သည်-

- အဖြေသည် သင့်အား ပြစ်မှုတစ်ခုဖြင့် အပြစ်ရှိကြောင်း ပေါ်လွင်နိုင်ဖွယ်ရှိလျှင် သို့မဟုတ် ပြစ်မှုတစ်ခုအတွက် တာဝန်ရှိနိုင်ဖွယ်ရာ ရှိလျှင်

VICTORIA State Government | Health and Human Services

- အဖြေသည် ရှေ့နေထံမှ ဥပဒေအကြံဉာဏ်တောင်းခံသည့်ကိစ္စအတွက် သင့်ရှေ့နေနှင့် နုတ် (ပြောစကား) ဖြင့်ဖြစ်စေ သို့မဟုတ် စာဖြင့်ရေးသား၍ဖြစ်စေ ဆွေးနွေးခဲ့သည့် အချက်အလက်များ ပါဝင်နိုင်ဖွယ်ရှိလျှင် တို့ဖြစ်သည်။

အကယ်၍ သင်သည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းအား အချက်အလက် ပေးသင့် မပေးသင့် မသေချာလျှင် သင့်အနေဖြင့် ရှေ့နေတစ်ဦးထံမှ အကြံဉာဏ် တောင်းခံသင့်သည်။

## စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်တစ်ရပ်ကို ပြောင်းရန် (ပြောင်းလဲရန်) သို့မဟုတ် ဖျက်သိမ်းရန် (ပယ်ဖျက်ရန်) ကျွန်ုပ် လျှောက်ထားနိုင်ပါသလား။

အကယ်၍ စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်တစ်ရပ်ကို အကြောင်းကြားခြင်းမရှိပဲ ချမှတ်ခဲ့လျှင် ယင်းနောက် သင်သည် အချိန်မရွေး Children's Court သို့ အမိန့်ကို ပြင်ပေးရန် သို့မဟုတ် ဖျက်သိမ်းပေးရန် လျှောက်ထားနိုင်သည်။ လျှောက်ထားသူ တစ်ဦးအဖြစ် သင်သည် Department of Health and Human Services (ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဌာန) အတွင်းရေးမှူးထံ အပြင် အမိန့်စာပါ မည်သည့်အခြားအမှုသည်မဆိုထံ လျှောက်လွှာကို မကြားနာမီ အမြန်ဆုံး အကြောင်းကြားစာ ချမှတ်ရမည်။

အကယ်၍ သင့်အား တရားရုံးသို့ လျှောက်လွှာတင်သွင်းမည်ဖြစ်ကြောင်း အကြောင်းကြားစာ ချပေးခဲ့လျှင် သင်သည် ဥပဒေအကျိုးဆောင်ကိုယ်စားလှယ်နှင့်ပြောဆိုသင့်သည်၊ ၄င်းသည် စိစစ်အကဲဖြတ်ရေး ယာယီ အမိန့်တစ်ရပ်ကို ချမှတ်ရန် သင် သဘောမတူကြောင်း တရားသူကြီးကို ပြောပြပေးနိုင်သည်။

## စိစစ်အကဲဖြတ်ရေး ယာယီ အမိန့် တစ်ရပ် အတွက် ဆုံးဖြတ်ချက်ကို ကျွန်ုပ် အယူခံဝင်နိုင်ပါသလား။

အကယ်၍ တရားရုံး၏ ဆုံးဖြတ်ချက်ကို သင် သဘောမတူလျှင် သင်သည် တရားလွှတ်တော် [Supreme Court] သို့ အယူခံဝင်နိုင်သည်။

## ဆက်သွယ်ရမည့်သူ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ____________________________________

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ____________________________________

ဒေသတွင်း Department of Health and Human Services' ၏ ရုံးအား ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ___________________________

ပိုမိုသော အချက်အလက်များအတွက် သင့်ဒေသတွင်းရှိ Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

တရားရုံး ကြားနာမှု

ရက်စွဲ -

အချိန်-

တည်နေရာ

## မိဘများသည် မည်သည့်နေရာ၌ ဥပဒေ အကြံဉာဏ်ကို ရရှိနိုင်ပါသလဲ။

ဥပဒေဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ စုံစမ်းမှုများကို အောက်ပါတို့ထံ လုပ်နိုင်ပါသည်-

- ဒေသတွင်းရှိ ရှေ့နေတစ်ဦး (Yellow Pages ရှိ 'Solicitors' အောက်၌ ဖော်ပြထားသည်)
- Victoria Legal Aid, မဲလ်ဘုန်း ဖုန်းနံပါတ် 1300 792 387
- Law Institute of Victoria, ဖုန်းနံပါတ် (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်းနံပါတ် 1800 064 865
- Aboriginal Family Violence Prevention & Legal Service Victoria, ဖုန်းနံပါတ် 1800 105 303
- ဒေသတွင်း လူမှုအသိုင်းအဝိုင်း ဥပဒေဆိုင်ရာ ဝန်ဆောင်မှု

ဤထုတ်ဝေစာစောင်ကို မသန်မစွမ်းဖြစ်မှု ရှိသူများအတွက် ရရှိနိုင်သောပုံစံဖြင့် လက်ခံရယူရန် အီးမေးလ်- cpmanual@dhhs.vic.gov.au ကိုပို့ပါ။

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။

© ဗစ်တိုးရီးယားပြည်နယ်၊ 2016 ခုနှစ် ဖွန်လ

ဝက်ဘ်ဆိုက် www.cpmanual.vic.gov.au တွင်ရရှိနိုင်ပါသည်။